အလ္လာဟ်အရှင်မြတ်သည် ဖြောင့်မတ်မှန်ကန်သည့်လမ်းအားဘေးတွင်တံတိုင်းနှစ်ဖက်ပါရှိသည့်လမ်းဖြင့်

ပမာပေးတော်မူခဲ့သည်။

နောင်ဝါစ်ဗင်န် စမ်အာန် အလ်အန်ဆွာရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ဖြောင့်မတ်မှန်ကန်သည့်လမ်းအား
ဘေးတွင်တံတိုင်းနှစ်ဖက်ပါရှိသည့်လမ်းဖြင့် ပမာပေးတော်မူခဲ့သည်။
ထိုတံတိုင်းနှစ်ဘက်တွင် ဖွင့်ထားသည့် တံခါးများရှိပြီး ထိုတံခါးများတွင်
တွဲလောင်းချထားသောလိုက်ကာများရှိသည်။လမ်း၏ဝင်ပေါက်တွင် ဖိတ်ခေါ်သူတစ်ဦးရှိသည်။၎င်းက အို လူသားအပေါင်းတို့ အသင်တို့အားလုံး လမ်းထဲသို့ဝင်ရောက်ကြပါ
မတိမ်းစောင်းသွားကြနှင့်ဟု ဖိတ်ခေါ်နေသည်။ ထို့အတူ လမ်း၏အပေါ်ဘက်တွင်
ဖိတ်ခေါ်သူတစ်ဦးရှိသည်။ ၎င်းက ထိုတံခါးများအနက်မှ
တံခါးတစ်ခုခုကိုဖွင့်လိုသူအားပြောမည်မှာ သင့်အတွက် ဝမ်းနည်းလေစွ၊
၎င်းကိုမဖွင့်လေနှင့် အကယ်၍ အသင်ဖွင့်လိုက်လျှင် ဝင်ရောက်သွားလိမ့်မည်။
လမ်းဟူသည် အစ္စလာမ်ကိုဆိုလိုပြီး တံတိုင်းနှစ်ခုသည် အလ္လာဟ်အရှင်မြတ်၏
ကန့်သတ်နယ်နိမိတ်များကို ဆိုလိုသည်။ ဖွင့်ထားသည့် တံခါးများသည်
အလ္လာဟ်အရှင်မြတ် တားမြစ်ထားသောအရာများကို ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင်လမ်း၏
ဝင်ပေါက်တွင်ဖိတ်ခေါ်သူဟူသည် ကုရ်အာန်ကျမ်းမြတ်ကို
ဆိုလိုခြင်းဖြစ်သည်။လမ်း၏အပေါ်ဘက်မှ ဖိတ်ခေါ်သူဟူသည် မွတ်စ်လင်မ်တိုင်း၏
နှလုံးသားထဲတွင်ရှိသည့် အလ္လာဟ်အရှင်မြတ်ဘက်တော်မှဆုံးမသူ(အီမာန်ယုံကြည်မှုပင်) ဖြစ်သည်။
[صحيح] [رواه الترمذي وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့သည်မှာ- အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ်သာသနာကို အကွေ့အကောက်မရှိဘဲရှည်လျားပြီးဖြောင့်မတ်မှန်ကန်သည့်လမ်းဖြင့် ပမာပေးတော်မူခဲ့သည်။ ထိုလမ်း၏ဘေးနှစ်ဘက်တွင် တံတိုင်းနှစ်ခု ကာရံထားပြီး ၎င်းတံတိုင်းနှစ်ခုမှာအလ္လာဟ်အရှင်မြတ်၏ ကန့်သတ်နယ်နိမိတ်များဖြစ်သည်။ ယင်းတံတိုင်းနှစ်ခုတွင်ဖွင့်ထားသည့်တံခါးများရှိပြီး ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က ‘ဟရာမ်’ အဖြစ်တားဆီးထားသည့် အရာများဖြစ်ကြသည်။ ထိုတံခါးများပေါ်တွင် လိုက်ကာများရှိပြီးလမ်းပေါ်မှ လျှောက်လှမ်းသွားသူအတွက် ထိုတံခါးများအတွင်း၌ မည်သူရှိကြောင်းကိုမသိရပေ။ လမ်း၏အစတွင် လူတို့အား လမ်းညွှန်ဖိတ်ခေါ်နေသူတစ်ဦးရှိပြီး ၎င်းက လူတို့အားသင်တို့သည် ထိုလမ်းမပေါ်၌ ဘယ်ညာ မတိမ်းစောင်းဘဲ လျှောက်လှမ်းကြပါဟုဖိတ်ခေါ်လျှက်ရှိသည်။ ဤသို့ဖိတ်ခေါ်နေသူမှာ အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်ကုရ်အာန်ကျမ်းမြတ်ပင်ဖြစ်သည်။ ထို့အတူ လမ်း၏အပေါ်ဘက်တွင်အခြားဖိတ်ခေါ်သူတစ်ဦးရှိနေပြီး ၎င်းက ထိုလမ်းပေါ်တွင် လျှောက်လှမ်းနေသူတစ်ဦးကတံခါးများရှိ လိုက်ကာများကို အနည်းငယ်မျှ ဖွင့်ကြည့်ရန် ရည်ရွယ်လိုက်တိုင်း ၎င်းအားသတိပေးကြိမ်းမောင်းပြောဆိုသည်မှာ သင့်အတွက် ဝမ်းနည်းလေစွ၊ ၎င်းကိုမဖွင့်လေနှင့်အကယ်၍ အသင်ဖွင့်လိုက်လျှင် ဝင်ရောက်သွားလိမ့်မည်။ ထိုထဲသို့ မဝင်ရောက်ရန် မိမိကိုယ်

မိမိထိန်းချုပ်နိုင်စွမ်း ရှိမည်မဟုတ်ပါ။ ဤသို့ဖိတ်ခေါ်သူသည် မွတ်စ်လင်မ်တိုင်း၏နှလုံးသားထဲတွင်ရှိသည့် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ဆုံးမသူ(အီမာန်ယုံကြည်မှုပင်) ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/65049